# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက် (၁၀/ ၂၀၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ကြိုဆို ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန်အတွက် ကော်မရှင်က စိတ်အားထက်သန်စွာဖြင့် မျှော်လင့်မိပါသည်။ ထို့ပြင် အခြားအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ရန်အတွက် ပြည်ထောင်စုအစိုးရကို ကော်မရှင်က အကြံပြုတိုက်တွန်းအပ်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေပါမူလအခွင့်အရေးနှင့်လူ့အခွင့်အရေးတို့ကို

ပြည့်ဝစွာရရှိခံစားနိုင်စေရန်အလို့ငှာမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုအကောင်အထည်ဖော်ရန်သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂ဂ၁၅ခုနှစ်၊ဇူလိုင်လ၃ဂရက်